ပုံစံ(၁၁)

## ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၅ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၆၂/၂၀၁၅)

| | |
|---|---|
| ဦးမျိုးမင်းဇော်(သတ္တုတွင်းလုပ်သား) ကုက္ကိုကုန်းကျေးရွာ၊ တကောင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| အလုပ်ရှင်/ပိုင်ရှင် (ကိုယ်စားလှယ်)Mr. Li Dong Feng (HR Manager)၊ တကောင်းတောင် ဖယ်ရိုနီကယ်စီမံကိန်း၊ Myanmar CNMC NICKEL Co.,Ltd၊ ထီးချိုင့်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်

## ဆုံးဖြတ်ချက်

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်ရှိ တကောင်းတောင်၊ ဖယ်ရိုနီကယ်စီမံကိန်း၊ Myanmar CNMC NICKEL Co.,Ltd (HR Manager) Mr. Li Dong Feng နှင့် အလုပ်သမား ဦးမျိုးမင်းဇော်(သတ္တုတွင်းလုပ်သား) တို့ဖြစ်ပွားကြသောအငြင်းပွားမှုကို ထီးချိုင့်မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၈/၂၀၁၅)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည်တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်မှထုတ်ပယ်ခံရသည့်အတွက် အလုပ်ပြန်လည်ခန့်ထားပေးရန် တောင်းဆိုသည်မှဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှအောက်ပါကောက်ချက်(၁)ချက်ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမားသည် အလုပ်မှထုတ်ပယ်ခံရသည့်အတွက် အလုပ်ပြန်လည်ခန့်ထားပေးရန် တောင်းဆိုခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** မောင်မျိုးမင်းဇော်အား တည်ဆဲအလုပ်သမားဥပဒေများအရ နို့တစ်ကြေးတစ်လစာ(၁)နှင့် အလုပ်ထုတ်နစ်နာကြေး(၁)လစာခွဲစာ၊ စုစုပေါင်း(၂)လခွဲလစာအား အချိန်ပိုလုပ်အားခမပါဖြင့် တွက်ချက်၍ ခံစားခွင့်ပြုရန် ဆုံးဖြတ်လိုက်သည်။

**နို့တစ်ကြေး(၁)လစာ + အလုပ်ထုတ်နစ်နာကြေး(၁)လခွဲစာ = စုစုပေါင်း**

**၁၁၉၀၀၀ိ/- + ၁၇၈၅၀၀ိ/- =၂၉၇၅၀၀ိ/-**

၅။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၈/၂၀၁၅) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်သမား ဦးမျိုးမင်းဇော်(သတ္တုတွင်းလုပ်သား)မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့်အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၄၀/၂၀၁၅)ဖြင့်ခုံသမာဓိကောင်စီအမှုအမှတ်(၆၂/၂၀၁၅) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့မှတ်တမ်းနှင့် တင်ပြလာသောစာရွက်စာတမ်းအထောက်အထားများ၊ အပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဦးမျိုးမင်းဇော် အလုပ်ထုတ်ပယ်ခံရသည့်အတွက် ပြန်လည်ခန့်ထားပေးရန်။

**သုံးသပ်ချက်အမှတ်(၁)။**

၂-၈-၂၀၁၅ ရက်နေ့တွင် အမှတ်(၃) သတ္တုတွင်းကြိတ်ခွဲစက်လုပ်ငန်းခွင်အတွင်း အလုပ်သမား ဦးစန်းလွင် မတော်တဆထိခိုက်မှုဖြစ်ပြီး၊ စက်ညပ်၍ သေဆုံးသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဦးမျိုးမင်းဇော်အပါအဝင်(၃)ဦးအား တာဝန်ပေါ့လျော့မှုဖြင့် အလုပ်ထုတ်ပယ်ခဲ့ပါသည်။

အလုပ်သမား ဦးမျိုးမင်းဇော်သည် ပတ္တားစစ်ဆေးသူ(စက်ထိန်း)တစ်ဦးဖြစ်ပြီး၊ လျှပ်စစ်မိန်းခလုတ်ဖွင့်သူ ဦးစိုးမိုးအောင်ထိန်းချုပ်ခန်းမှ စက်ဖွင့်/စက်ပိတ် တာဝန်ခံ Mr.Hu Liguo တို့နှင့်အချိတ်အဆက်ပေါ့ဆမှုကြောင့် အလုပ်မှထုတ်ပယ်ခဲ့သည်ဟု ဆိုပါသည်။ အလုပ်သမား ဦးစန်းလွင် အသက်ဆုံးရှုံးရသည်အထိမတော်တဆထိခိုက်မှုဖြစ်ပွားခဲ့သော်လည်း သက်ဆိုင်ရာတကောင်းတောင်ဖယ်ရီနီကယ်စီမံကိန်း သတ္တုတူးဖော်ရေးလုပ်ငန်းမှတာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုမပြုခဲ့ကြောင်းတွေ့ရှိရပါသည်။ ထို့ပြင် လျှပ်စစ်ထိန်းချုပ်ခန်းမှစက်ဖွင့်/စက်ပိတ်တာဝန်ခံကဦးမျိုးမင်းဇော်၏ ပြောကြားချက်ကြောင့် လျှပ်စစ်မိန်းခလုတ်ကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်းတစ်စုံတစ်ရာပေါ်လွင်ခြင်းမရှိပါ။ ထိုလျှပ်စစ်မိန်းခလုတ်ကိုဖွင့်ရန်ဆောင်ရွက်ခဲ့သည့် Mr.Hu Liguo အား စစ်ဆေးထားသည့်အချက်တစ်စုံတစ်ရာကို တင်ပြထားခြင်းမရှိပါ။ ထို့ပြင် Mr.Hu Liguo အား ဖျန်ဖြေမှုအဆင့်၊ တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့တို့တွင် သက်သေအဖြစ် တင်ပြထွက်ဆိုစေခဲ့ခြင်းလည်း မရှိကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်၍ အောက်ပါအတိုင်း ဆုံးဖြတ်ချက်ချမှတ်ပါသည် -

**ဆုံးဖြတ်ချက်အမှတ်(၁)။**

(က) အလုပ်သမား ဦးမျိုးမင်းဇော်အား ဤဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ခုနစ်ရက်အတွင်း မူလ အလုပ်အကိုင်၌ပြန်လည်ခန့်ထားရန်၊

(ခ) ၂၆-၈-၂၀၁၅ ရက်နေ့တွင်အလုပ်ထုတ်ခဲ့သည်ဟုတင်ပြသော်လည်း ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအတွက် လုပ်ခပေးချေထားကြောင်းတွေ့ရှိရ၍ အလုပ်စတင်ထုတ်ပယ်သည့်နေ့မှ ပြန်လည်ခန့်ထားသည့်နေ့ မတိုင်မီနေ့အထိ ကြားကာလနစ်နာကြေးကို ၂၀၁၅

ခုနှစ်၊ စက်တင်ဘာလအတွက် ထုတ်ပေးထားသည့် အခကြေး ငွေနှုန်းဖြင့် ခံစားခွင့်ပြု ရန်၊

ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၇။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

| | | |
|---|---|---|
| | ၁၀.၁၂.၂၀၁၇ | ၁၀.၁၂.၂၀၁၇ |
| ဦးထွန်းအေး | ဦးအောင်သန်း | ဦးရဲနိုင်ဝင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |